ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်အစိုးရ

စီမံကိန်း၊ ဘဏ္ဍာရေးနှင့်စက်မှုဝန်ကြီးဌာန

ပြည်ထောင်စုဝန်ကြီးရုံး

အမိန့်ကြော်ငြာစာအမှတ်၊ ၃ /၂၀၂၁

နေပြည်တော်၊ ၁၃၈၂ ခုနှစ်၊ နတ်တော်လပြည့်ကျော် ၁၃ ရက်

(၂၀၂၁ ခုနှစ်၊ ဇန်နဝါရီလ ၁၁ ရက်)

၁။ စီမံကိန်း၊ ဘဏ္ဍာရေးနှင့် စက်မှုဝန်ကြီးဌာနသည် ဝင်ငွေခွန်ဥပဒေပုဒ်မ ၁၆-ခ အရ အပ်နှင်းထားသော လုပ်ပိုင်ခွင့်ကို ကျင့်သုံး၍ ဤအမိန့်ကြော်ငြာစာကို ထုတ်ပြန်လိုက်သည်။

၂။ ကမ္ဘာနှင့်အဝှမ်း ဖြစ်ပေါ်လျက်ရှိသော Coronavirus Disease 2019 (COVID-19) ကြောင့် စီးပွားရေးလုပ်ငန်းများ ထိခိုက်မှုလျော့နည်းသက်သာစေရေးအတွက် ပို့ကုန်တင်ပို့ခြင်းအပေါ် ကြိုတင်ဝင်ငွေခွန် ၂ ရာခိုင်နှုန်း ကောက်ခံခြင်းအား စီမံကိန်း၊ ဘဏ္ဍာရေးနှင့် စက်မှုဝန်ကြီးဌာန၏ ၂၄-၃-၂၀၂၀ ရက်စွဲပါ အမိန့်ကြော်ငြာစာအမှတ်၊ ၁၈/၂၀၂၀ ဖြင့် ၁-၄-၂၀၂၀ ရက်နေ့မှ ၃၀-၉-၂၀၂၀ ရက်နေ့အထိ ကင်းလွတ်ခွင့်ပြုပေးခဲ့ပြီး ၁၅-၉-၂၀၂၀ ရက်စွဲပါ အမိန့်ကြော်ငြာစာအမှတ်၊ ၁၀၃/၂၀၂၀ ဖြင့် ၃၁-၁၂-၂၀၂၀ ရက်နေ့အထိ သက်တမ်းတိုး၍ ကင်းလွတ်ခွင့်ပြုပေးခဲ့ပါသည်။

၃။ ယခုအခါ Coronavirus Disease 2019 (COVID-19) ရောဂါကြောင့် သက်ရောက်နေသည့် စီးပွားရေးနှေးကွေးမှုကို ပြန်လည်ရှင်းဆွနိုင်စေရန်အတွက် ပို့ကုန် တင်ပို့ခြင်းအပေါ် ကြိုတင်ဝင်ငွေခွန် ၂ ရာခိုင်နှုန်း ကောက်ခံခြင်းအား ၃၁-၁-၂၀၂၁ ရက်နေ့အထိ တိုးမြှင့်၍ ကင်းလွတ်ခွင့်ပြုလိုက်သည်။

စိုးဝင်း

ပြည်ထောင်စုဝန်ကြီး

---------------------------ooo---------------------------

စာအမှတ်၊ စဘစ/ ဘဏ္ဍာ - ၁/၃/၁ ( ၁၆၄ /၂၀၂၁)

ရက် စွဲ ၊ ၂၀၂၁ ခုနှစ် ၊ ဇန်နဝါရီလ ၁၁ ရက်

**ဖြန့်ဝေခြင်း**

နိုင်ငံတော်သမ္မတရုံး

ပြည်ထောင်စုအစိုးရအဖွဲ့ရုံး

ပြည်ထောင်စုလွှတ်တော်ရုံး

ပြည်သူ့လွှတ်တော်ရုံး

အမျိုးသားလွှတ်တော်ရုံး

ပြည်ထောင်စုတရားလွှတ်တော်ချုပ်

နိုင်ငံတော်ဖွဲ့စည်းပုံအခြေခံဥပဒေဆိုင်ရာခုံရုံး

ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်ရုံး

ပြည်ထောင်စုဝန်ကြီးဌာနအားလုံး

ပြည်ထောင်စုရှေ့နေချုပ်ရုံး

ပြည်ထောင်စုစာရင်းစစ်ချုပ်ရုံး

ပြည်ထောင်စုရာထူးဝန်အဖွဲ့

နေပြည်တော်ကောင်စီ

တိုင်းဒေသကြီး/ပြည်နယ်အစိုးရအဖွဲ့အားလုံး

မြန်မာနိုင်ငံတော်ဗဟိုဘဏ်

အဂတိလိုက်စားမှုတိုက်ဖျက်ရေးကော်မရှင်ရုံး

မြန်မာနိုင်ငံအမျိုးသားလူ့အခွင့်အရေးကော်မရှင်ရုံး

စီမံကိန်း၊ ဘဏ္ဍာရေးနှင့် စက်မှုဝန်ကြီးဌာနရှိ ဦးစီးဌာနနှင့် အဖွဲ့အစည်းများအားလုံး

ပြည်တွင်းအခွန်များဦးစီးဌာန

| | |
|---|---|
| ညွှန်ကြားရေးမှူးချုပ်<br>ပုံနှိပ်ရေးနှင့်ထုတ်ဝေရေးဦးစီးဌာန | မြန်မာနိုင်ငံပြန်တမ်းတွင်ထည့်သွင်းကြေညာပေးနိုင်ပါရန်မေတ္တာရပ်ခံချက်ဖြင့်ပေးပို့ပါသည်။ |
| ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံကုန်သည်များနှင့်<br>စက်မှုလက်မှုလုပ်ငန်းရှင်များအသင်းချုပ်(UMFCCI) | ညီနောင်အသင်းသားများအားထပ်မံဖြန့်ဝေပေးပါရန်မေတ္တာရပ်ခံချက်ဖြင့်ပေးပို့ပါသည်။ |

အမိန့်အရ

(မောင်မောင်ဝင်း)

ဒုတိယဝန်ကြီး